ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးစဉ် အချက်အလက်ပြောင်းလဲခြင်းကိစ္စ။**

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် (၃)လကြိုတင်၍ စာရွက်စာတမ်းနှင့် ဆေးနမူနာအထောက်အထားပြည့်စုံစွာ တင်ပြလျှောက်ထားရန် လိုအပ်ပြီး လျှောက်ထားရာတွင်လည်း ယခင်မှတ်ပုံတင်လက်မှတ်ရှိ အချက်အလက်များ (ဥပမာ- Owner, Manufacturer, Brand Name, Presentation အစရှိသဖြင့်) ပြောင်းလဲခြင်းရှိပါက ကုမ္ပဏီများအနေဖြင့် ကြိုတင်အသိပေး၍ လျှောက်ထားရန်လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ကုမ္ပဏီများမှ ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းအချက်အလက်ပြောင်းလဲခြင်းများ ရှိပါက သက်တမ်းတိုးစဉ်တစ်ပြိုင်တည်း တင်ပြလျှောက်ထားရန်အသိပေးပါသည်။ အကယ်၍ ကြိုတင် တင်ပြလျှောက်ထားခြင်းမရှိဘဲ အထောက်အထားများစိစစ်ချိန်တွင် တွေ့ရှိရပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် သင့်လျော်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စာအဝင်
အမှတ်စဉ် ....................
05 MAY 2015
ရက်စွဲ ....................

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ဒေါက်တာသိဂီဇင်၊ ညွှန်ကြားရေးမှူး

စာအမှတ်၊ အစဆ/ (ဆဝ) ၂၀၁၅ /၃၆၆
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ( ၂၉ )ရက်။

ဖြန့်ဝေခြင်း -

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း

မိတ္တူကို -

- ဆေးဝါးအကြံပေးကော်မတီဝင်များ
- ညွှန်ကြားရေးမှူးချုပ်၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

D:/ DFDA/ 2015-Tin/ Tin-Reply-2015